ရဲအိဝ ၅ နှစ် (၂၀၂၃ခုနှစ်) ထုတ်ဝေမှု

# အရေးပေါ်အသေးစားရန်ပုံငွေနှင့် အထွေထွေထောက်ပံ့မှုရန်ပုံငွေ (အထူးချေးငွေများ)ကို ချေးယူထားသူများအတွက် ~ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်အတွက် လမ်းညွှန်ချက်~

အဆိုပါရန်ပုံငွေသည် နိုင်ငံတော်မှ သတ်မှတ်ထားသော လိုအပ်ချက် (အခြေအနေများ)နှင့် ကိုက်ညီပါက "ပြန်လည်ပေးဆပ်ရန် ကင်းလွတ်ခွင့်(ပြန်ဆပ်ရန်မလိုအပ်တော့ခြင်း)"ဖြစ်လာပေမည်။

သင်က "ပြန်လည်ပေးဆပ်ရန် ကင်းလွတ်ခွင့်" ဖြစ်မဖြစ်ကို သေချာစွာ ဖတ်ရှု၍ လုပ်ဆောင်ပါ။

သတ်မှတ်ချက်နှင့်ကိုက်ညီသူသည် လက်ခံရရှိထားသောကင်းလွတ်ခွင့်လျှောက်လွှာပုံစံ၏ အရောင်ကို စစ်ဆေးပြီး လိုအပ်သောလုပ်ဆောင်ချက်အဆင့်များကိုဆောင်ရွက်ပါ။

※ ၁ ဤလမ်းညွှန်ချက်ကို ငွေချေးယူသူအားလုံးထံသို့ပေးပို့ထားပါသည်။ ချေးယူထားသည့်ချေးငွေအမျိုးအစားနှင့် အချိန်ကာလပေါ်မူတည်ပြီး လျှောက်လွှာပုံစံ၏အရောင်ကွဲပြားပါသည်။

※ ၂ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများသာလျှောက်ထားနိုင်သည်။ (ကင်းလွတ်ခွင့်အတွက် လျှောက်ထားရန်လိုအပ်သည်။ အခွန်ကင်းလွတ်ခွင့်ရရှိထားခြင်းဖြင့် အလိုအလျောက် ကင်း လွတ်ခြင်းမရှိပါ။)

※ ၃ ရဲအိဝ ၅ ဘဏ္ဍာရေးနှစ်အတွက် နေထိုင်ခွန်ပေးဆောင်ရသူများသည် ကင်းလွတ်ခွင့်အတွက် အရည်အချင်းပြည့်မီခြင်း မရှိသည့်အတွက် လျှောက်ထားခြင်း လုပ်ဆောင်ချက်များ ဆောင်ရွက်ရန်မလိုပါ။

Fukushima Ward Council on Social Welfare

**ကင်းလွတ်ခွင့်လျှောက်လွှာပုံစံ၏အရောင်သည် ပန်းရောင်၊ အစိမ်းရောင် ၊ အဖြူရောင် ဖြစ်သူများ [အပြည့်အဝ ကင်းလွတ်ခွင့်]**

## ၁။ ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်အတွက် လျှောက်ထားရန်နှင့် စပ်လျဉ်း၍

**သင်ချေးယူထားသော "အရေးပေါ်အသေးစားရန်ပုံငွေ" နှင့် "အထွေထွေထောက်ပံ့မှုရန်ပုံငွေ" (အထူးချေးငွေများ)သည် ရဲအိဝ ၆နှစ် (၂၀၂၄ခုနှစ်)မှစတင်ပြီး ပြန်လည်ပေးဆပ်ခြင်း (ချေးယူထားသည့် ငွေကိုပြန်ပေးခြင်း) စတင်မည်ဖြစ်သည်။**

ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်လျှောက်ထားခြင်းသည် ချေးယူထားသည့်ချေးငွေ အမျိုးအစား အလိုက် သီးခြားနှစ်အလိုက် လုပ်ဆောင်ရမည်ဖြစ်သည်။

ရဲအိဝ ၅နှစ် (၂၀၂၃ ခုနှစ်) တွင် ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်လျှောက်ထားနိုင်သည်မှာ ရဲအိဝ ၄ နှစ် (၂၀၂၂ခုနှစ်) ဧပြီလ ၁ ရက်နေ့နောက်ပိုင်းချေးယူထားသော "အရေးပေါ်အသေးစားရန်ပုံငွေ" နှင့် "အထွေထွေထောက်ပံ့မှုရန်ပုံငွေ (ပထမအကြိမ်ချေးငွေ)"၊ "အထွေထွေထောက်ပံ့မှုရန်ပုံငွေ (သက်တမ်း တိုးချေးငွေ)" တို့ဖြစ်သည်။

| ချေးငွေအမျိုးအစား | လျှောက်လွှာအရောင် |
|---|---|
| အရေးပေါ်အသေးစားရန်ပုံငွေ | ပန်းရောင် |
| အထွေထွေထောက်ပံ့မှုရန်ပုံငွေ (ပထမအကြိမ်) | အစိမ်းရောင် |
| အထွေထွေထောက်ပံ့မှုရန်ပုံငွေ (သက်တမ်းတိုး) | အဖြူရောင် |

အထွေထွေထောက်ပံ့မှုရန်ပုံငွေ၏ ပြန်ထုတ်ချေးခြင်းအတွက် ရဲအိဝ ၆ဘဏ္ဍာရေးနှစ် (၂၀၂၄ခုဘဏ္ဍာရေးနှစ်)တွင် ကြေညာပါမည်။

## ၂။ ရဲအိဝ ၅နှစ် (၂၀၂၃ခုနှစ်)တွင် ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့် ရနိုင်မည့် အခြေအနေနှင့် စပ်လျဉ်း၍

ရဲအိဝ ၅ **ဘဏ္ဍာရေးနှစ်** (၂၀၂၃**ဘဏ္ဍာရေးနှစ်**)တွင် "**သင်(ချေးယူသူ)**"နှင့် **"သင်(ချေးယူသူ)၏ အိမ်ထောင်ဦးစီး"** **၂ဦးစလုံး** **သည် "ရဲအိဝ ၅ ဘဏ္ဍာရေးနှစ်"၏ "နေထိုင်ခွန်အတွက် လူတစ်ဦးချင်းစီထမ်းဆောင်မှုနှင့် ဝင်ငွေအလိုက်ထမ်းဆောင်မှု ၂မျိုးစလုံးကင်းလွတ်ခွင့်(နေထိုင်ခွန်ကိုပေးချေရန်မလိုအပ်)"** သည့်အခါ ပြန်လည်ပေးဆပ်ရန် ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်။

## ၃။ ရဲအိဝ ၅နှစ် (၂၀၂၃ ခုနှစ်)တွင်ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်ရရှိမည့် ပမာဏ နှင့် စပ်လျဉ်း၍

**ရဲအိဝ ၅ ဘဏ္ဍာရေးနှစ် (၂၀၂၃ ဘဏ္ဍာရေးနှစ်)**အတွက် နေထိုင်ခွန်ပေးချေထားကြောင်း အထောက်အထား လက်မှတ် (နေထိုင်ခွန်ကင်းလွတ်ကြောင်း အထောက်အထားလက်မှတ်)ကိုရရှိပြီးနောက် ကင်းလွတ်ခွင့်လျှောက်ထား ရန်ကာလအတွင်းလျှောက်ထားလျှင် အပြည့်အဝကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်။

**⇒စာမျက်နှာ ၆ [၄ ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့် လျှောက်ထားရန်နည်းလမ်း] ကိုကြည့်ပါ**

**ကင်းလွတ်ခွင့်လျှောက်လွှာပုံစံ၏အရောင်သည် လိမ္မော်ရောင်၊ခရမ်းရောင် ဖြစ်သူများ [တစ်စိတ်တစ်ပိုင်း ကင်းလွတ်ခွင့်]**

## ၁။ ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်အတွက် လျှောက်ထားရန်နှင့် စပ်လျဉ်း၍

ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်လျှောက်ထားနိုင်ခြင်းမှာ ရဲအိဝ ၄နှစ် မတ်လကုန်အထိ ချေးယူထားသော "အရေးပေါ်အသေးစားရန်ပုံငွေ"နှင့်"အထွေထွေထောက်ပံ့မှုရန်ပုံငွေ (ပထမအကြိမ် ချေးငွေ)တို့မှ ရဲအိဝ ၃ ဘဏ္ဍာရေးနှစ်နှင့် ရဲအိဝ ၄ ဘဏ္ဍာရေးနှစ်အတွက် နေထိုင်ခွန်ပေးဆောင်ထားသူသည် ရဲအိဝ ၅ ဘဏ္ဍာရေးနှစ် ၏ ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက **ချေးငွေ၏ တစ်စိတ် တစ်ပိုင်း** ကိုပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်အတွက် လျှောက်ထားနိုင်ပါသည်။

| ချေးငွေအမျိုးအစား | လျှောက်လွှာအရောင် |
|---|---|
| အရေးပေါ်အသေးစားရန်ပုံငွေ | လိမ္မော်ရောင် |
| အထွေထွေထောက်ပံ့မှုရန်ပုံငွေ<br>(ပထမ အကြိမ်) | ခရမ်းရောင် |


## ၂။ ရဲအိဝ ၅ နှစ် (၂၀၂၃ ခုနှစ်)တွင် ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့် ရနိုင်မည့် အခြေအနေ နှင့်စပ်လျဉ်း၍

ရဲအိဝ ၅ **ဘဏ္ဍာရေးနှစ်** (၂၀၂၃**ဘဏ္ဍာရေးနှစ်**)တွင် **"သင်(ချေးယူသူ)"နှင့် "သင်(ချေးယူသူ)၏ အိမ်ထောင်ဦးစီး" ၂ဦးစလုံး သည် "ရဲအိဝ ၅ ဘဏ္ဍာရေးနှစ်"၏ "နေထိုင်ခွန် လူတစ်ဦးချင်းစီထမ်းဆောင်မှုနှင့် ဝင်ငွေအလိုက် ထမ်းဆောင်မှု ၂မျိုးစလုံး ကင်းလွတ်ခွင့် (နေထိုင်ခွန်ကိုပေးချေရန် မလိုအပ်)"** သည့်အခါ **ချေးငွေတစ်စိတ်တစ်ပိုင်း** သည် ပြန်လည် ပေးဆပ်ရန်ကင်းလွတ်ခွင့် ရရှိမည်ဖြစ်သည်။


## ၃။ ရဲအိဝ ၅နှစ် (၂၀၂၃ ခုနှစ်)တွင်ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်ရရှိမည့် ပမာဏ နှင့် စပ်လျဉ်း၍

**ရဲအိဝ ၅ ဘဏ္ဍာရေးနှစ် (၂၀၂၃ဘဏ္ဍာရေးနှစ်)**အတွက် နေထိုင်ခွန်ပေးချေထားကြောင်း အထောက်အထား လက်မှတ် (နေထိုင်ခွန်ကင်းလွတ်ကြောင်း အထောက်အထားလက်မှတ်) ကို ရရှိပြီးနောက် ကင်းလွတ်ခွင့် လျှောက်ထားရန်ကာလအတွင်းလျှောက်ထားလျှင် **ကင်းလွတ်ခွင့်ကိုလျှောက်ထားသည့်လပြီးသည့်နောက် ပထမဆုံးကျရောက်သော ချေးငွေပြန်လည်စတင် ပေးဆပ် ရမည့်လနှင့်တူညီသောလ (အောက်ပါ ဥပမာအရဆိုပါက ဇန်နဝါရီလ) မှစတင်ပြီး ချေးငွေပြန်လည်ပေးဆပ်ခြင်း မှ ကင်းလွတ်ခွင့်ရ**မည်ဖြစ်သည်။

(ဥပမာ-၁)အရေးပေါ်အသေးစားရန်ပုံငွေ ၂၀၀,၀၀၀ ယန်းကိုချေးယူထားသည့်အခါ (ရဲအိဝ ၅နှစ် ဇန်နဝါရီလမှစ၍ ၂နှစ်အတွင်းပြန်ဆပ်ရခြင်း)




(ဥပမာ-၂) အထွေထွေထောက်ပံ့မှုရန်ပုံငွေ ယန်း ၆၀၀,၀၀၀ ကိုချေးယူထားသည့်အခါ (ရဲအိဝ ၅နှစ် ဇန်နဝါရီလမှစ၍ ၁၀ နှစ်အတွင်းပြန်ဆပ်ရခြင်း)




**⇒စာမျက်နှာ ၆ [၄ ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့် လျှောက်ထားရန်နည်းလမ်း] ကိုကြည့်ပါ**

## ၄။ ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့် လျှောက်ထားရန်နည်းလမ်း

○ လျှောက်ထားနိုင်မည့်ကာလ　ရဲအိဝ ၅ နှစ်(၂၀၂၃ ခုနှစ်) ဇွန်လမှ ဩဂုတ်လ ၃၁ ရက် (ကြာသပတေး)

※လျှောက်လွှာလက်ခံမည့်နောက်ဆုံးရက်ထက်နောက်ကျလျှောက်ထားခြင်းကို လက်ခံမည် ဖြစ်သော်လည်း တတ်နိုင်သမျှ စောစီးစွာလျှောက်ထားရပါမည်။ သို့သော် ကင်းလွတ်ခြင်းခွင့်ပြုချက်မရမီ ပြန်လည်ပေးဆပ်ထားသည့် ငွေကြေးကိုမူ ကင်းလွတ်ခွင့်ပြုသည့်တိုင် ပြန်ထုတ်ပေး မည်မဟုတ်ပါ။

○ လျှောက်ထားရန်နေရာ　လူမှုဖူလုံရေးဝန်ဆောင်မှုကော်ပိုရေးရှင်း၊ ဖူခုရှိမားစီရင်စု လူမှုဖူလုံရေးကောင်စီ

( Fukushima Ward Council on Social Welfare)

※၁ ဤစာရွက်စာတမ်းနှင့်အတူ ပါလာသော စာအိတ်ထဲသို့ထည့်၍ စာတိုက်မှပို့ ပေးပါ။

※၂ တစ်ခုထက်ပို၍လျှောက်ထားလျှင် စာအိတ်တစ်ခုထဲတွင်ပေါင်းထည့်၍ စာတိုက်မှပို့ပေးပါ။

○ လိုအပ်သောစာရွက်စာတမ်း

(၁) ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်လျှောက်ထားလွှာ (စာအိတ်နှင့် အတူပါ သော စာရွက်စာတမ်း၊ ချေးယူခဲ့သော ရန်ပုံငွေအလိုက် လိုအပ်ပါသည်။)

| | ချေးငွေအမျိုးအစား | လျှောက်လွှာအရောင် | ကင်းလွတ်ခွင့် ပမာဏ |
|---|---|---|---|
| က | အရေးပေါ်အသေးစားရန်ပုံငွေ | ပန်းရောင် | အပြည့်အဝ ကင်းလွတ်ခွင့် |
| ခ | အထွေထွေထောက်ပံ့မှုရန်ပုံငွေ (ပထမ အကြိမ်) | အစိမ်းရောင် | |
| ဂ | အထွေထွေထောက်ပံ့မှုရန်ပုံငွေ (သက်တမ်းတိုး) | အဖြူရောင် | |
| ဃ | အရေးပေါ်အသေးစားရန်ပုံငွေ | လိမ္မော်ရောင် | တစ်စိတ်တစ်ပိုင်း ကင်းလွတ်ခွင့် |
| င | အထွေထွေထောက်ပံ့မှုရန်ပုံငွေ (ပထမ အကြိမ်) | ခရမ်းရောင် | |

※၁ လျှောက်ထားသည့်အခါ အမှတ်စဉ်(၂) နှင့် (၃) ကို **မြို့၊မြို့နယ်၊ကျေးရွာ (ရုံး) မှရရှိသည်တို့ကို တစ်စုံစီ** တွဲတင်ပါ။

※၂ တစ်ခုထက်ပို၍လျှောက်ထားသည့်အခါ အမှတ်စဉ်(၂) နှင့် (၃) ကိုလျှောက်လွှာတိုင်းတွင်

လိုအပ်မည်ဖြစ်သည်။ တစ်စုံစီ **မြို့မြို့နယ်၊ကျေးရွာ (ရုံး) မှရရှိသည်တို့** ကိုတွဲတင်ပါ။ ကျန်သည်တို့ အတွက် မိတ္တူကိုတွဲတင်လျှင်လည်းလက်ခံပါသည်။

(၂) အိမ်ထောင်စုဝင်အားလုံးပါသည့် သန်းခေါင်စာရင်း (အိမ်ထောင်စုဝင်အားလုံး၏ အမည်ကို ဖော်ပြထားပြီး အိမ်ထောင်ဦးစီး၏ အမည်၊ တော်စပ်ပုံတို့ကိုပါ သိနိုင်ကာ ပြန်ဆပ်ရန်ကင်းလွတ်ခွင့်လျှောက်ထားသည့်အချိန်မှ ၃လမတိုင်မီအတွင်း ထုတ်ယူထားသည့် သန်းခေါင်စာရင်း)

※၁ တစ်ဦးတည်းနေသော အိမ်ထောင်စုဖြစ်လျှင်ပင် "**မိသားစုအားလုံးအတွက်**" ဟုဖော်ပြထားသည့် သန်းကောင်စာရင်းကို ထုတ်ယူပါ။

※၂ အိမ်ထောင်ဦးစီး၏ အမည်၊ တော်စပ်ပုံတို့မပါရှိသော သန်းခေါင်စာရင်းဖြင့် လျှောက်ထား၍မရနိုင်ပါ။

(၃) **ရေဲအိဝ ၅ ဘဏ္ဍာရေးနှစ် (၂၀၂၃ ဘဏ္ဍာရေးနှစ်)** တွင်နေထိုင်ခွန် ပေးချေထားကြောင်းအထောက်အထားလက်မှတ် (သို့တည်းမဟုတ် နေထိုင်ခွန်ကင်းလွတ်ကြောင်း အထောက်အထားလက်မှတ်)

※၁ "သင်(ချေးယူသူ)"နှင့် "သင်(ချေးယူသူ)၏အိမ်ထောင်ဦးစီး" ၂ဦးစလုံး တို့၏ **"ရေဲအိဝ ၅ ဘဏ္ဍာရေးနှစ် (၂၀၂၃ ဘဏ္ဍာရေးနှစ်)"** အတွက် အထောက်အထားလိုအပ်ပါသည်။

(ချေးယူသူသည် အိမ်ထောင်ဦးစီးဖြစ်ပါက ချေးယူသူအတွက်သာ)

※၂ "နေထိုင်ခွန်ပေးချေထားကြောင်း အထောက်အထားလက်မှတ်" ၏ "ပေးချေရမည့်အခွန်" ကော်လံတွင် "၀" ဖြစ်နေရမည်။ အလွတ်ဖြစ်နေ၍မရပါ။

**"နေထိုင်ခွန်ပေးချေထားကြောင်းအထောက်အထားလက်မှတ်" (သို့တည်းမဟုတ် နေထိုင်ခွန်ကင်းလွတ်ကြောင်းအထောက်အထား လက်မှတ်)**

ရေဲအိဝ ၅ ဘဏ္ဍာရေးနှစ် - ရေဲအိဝ ၅နှစ် ဇွန်လခန့်တွင် ထုတ်ပေးနိုင်သည့် အထောက်အထားလက်မှတ် (ရေဲအိဝ ၄နှစ် ဇန်နဝါရီလ မှ ဒီဇင်ဘာလအထိ ဝင်ငွေဖော်ပြထားသည်။)

## ၅။ ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့် ရမည်မရမည်? (ပြန်လည်ပေးဆပ်ရန် ကင်းလွတ်ခွင့် အခြေအနေအား စစ်ဆေးခြင်း)

ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်၏ အခြေအနေများနှင့် ကိုက်ညီခြင်းရှိမရှိစစ်ဆေးပါ။

**လက်ရှိတွင် သင်သည် "အိမ်ထောင်ဦးစီး" ဖြစ်ပါသလား**

- ဟုတ်ပါသည် → **ရဲအိဝ ၅ ဘဏ္ဍာရေးနှစ်တွင် သင်သည် နေထိုင်ခွန် ကျသင့်နေပါ သလား။**
- မဟုတ်ပါ → **လက်ရှိအိမ်ထောင်ဦးစီးက ငွေကြေးကိုချေးယူချိန်က အခြား အိမ်ထောင်စုဖြစ်ခဲ့ပါသလား။**
  - ဟုတ်ပါသည် → **ရဲအိဝ ၅ ဘဏ္ဍာရေးနှစ်တွင် သင်သည် နေထိုင်ခွန် ကျသင့်နေပါ သလား။**
  - မဟုတ်ပါ → **ရဲအိဝ၅ဘဏ္ဍာရေးနှစ်တွင် သင် သို့မဟုတ် အိမ်ထောင်ဦးစီးတစ်ဦးဦးသည်နေထိုင်ခွန် ပေးဆောင်နေရပါသလား။**

**ရဲအိဝ ၅ ဘဏ္ဍာရေးနှစ်တွင် သင်သည် နေထိုင်ခွန် ကျသင့်နေပါ သလား။**

- ဟုတ်ပါသည် → ၁
- မဟုတ်ပါ → ၂-၁
- မသိပါ → ၃

**ရဲအိဝ၅ဘဏ္ဍာရေးနှစ်တွင် သင် သို့မဟုတ် အိမ်ထောင်ဦးစီးတစ်ဦးဦးသည်နေထိုင်ခွန် ပေးဆောင်နေရပါသလား။**

- သင်က အခွန်ဆောင်နေရသည် → ၁
- အိမ်ထောင်ဦးစီးက အခွန်ဆောင်နေရသည် → ၁
- ၂ဦးစလုံး အခွန်မဆောင်ရပါ → ၂-၂
- မသိပါ → ၄

၁ **ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့် မရနိုင်ပါ။**

၂-၁ **သင်သည် "နေထိုင်ခွန်ကင်းလွတ်" သူဖြစ်သဖြင့် ပြန်လည်ပေးဆပ်ရန် ကင်းလွတ်ခွင့်ရနိုင်သည်။**

၂-၂ **သင်နှင့်အိမ်ထောင်ဦးစီးသည် "နေထိုင်ခွန်ကင်းလွတ်" သူဖြစ်သဖြင့် ပြန်လည်ပေးဆပ်ရန် ကင်းလွတ်ခွင့်ရနိုင်သည်။**


(၂-၁၊ ၂-၂ →) ၆။ ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့် လျှောက်ထားရန်နည်းလမ်းကိုကိုးကား၍လျှောက်ထားပါ။

၃ **ရဲအိဝ ၅နှစ် (၂၀၂၃ခုနှစ်) ဇွန်လနောက်ပိုင်းတွင် နေထိုင်ခွန်ကင်းလွတ်ခွင့်ရမရ မြို့မြို့နယ်၊ကျေးရွာ(ရုံး)၏ အခွန်ဌာန တွင် စစ်ဆေးအတည်ပြုပါ။**

၄ **ရဲအိဝ ၅နှစ် (၂၀၂၃ခုနှစ်) ဇွန်လနောက်ပိုင်းတွင် မြို့မြို့နယ်၊ကျေးရွာ(ရုံး)၏ အခွန်ဌာနတွင် သင်နှင့်အိမ်ထောင် ဦးစီးသည် နေထိုင်ခွန်ကင်းလွတ်ခွင့်ရမရ စစ်ဆေးအတည်ပြုပါ။**

※နေထိုင်ခွင့်ပေးချေထားကြောင်းအထောက်အထားလက်မှတ်ကို ရဲအိဝ ၅နှစ် (၂၀၂၃ခုနှစ်) ဇန်နဝါရီလ ၁ ရက်နေ့တွင် သန်းခေါင်စာရင်းရှိခဲ့သည့် မြို့၊မြို့နယ်၊ကျေးရွာ၏ (ရုံး)တွင် လျှောက်ထား ရယူနိုင်သည်။ မြို့၊မြို့နယ်၊ကျေးရွာ(ရုံး)၏ အခွန်ဌာနတွင် စစ်ဆေးအတည်ပြုပါ။

## ၆။ နေထိုင်ခွင့်နှင့် စပ်လျဉ်း၍ အတည်ပြုစစ်ဆေးရန်မှာ




မြို့မြို့နယ်၊ကျေးရွာ(ရုံး)တွင် နေထိုင်ခွန်အတွက် ရှင်းတမ်းတင်ပြပြီးမှသာလျှင် "အခွန်ကင်းလွတ်"သို့မဟုတ် "အခွန်ပေးရန်" ကို စစ်ဆေးအတည်ပြုပါ။

※နေထိုင်ခွန်ရှင်းလင်းတင်ပြရန်နည်းလမ်းကို ရဲအိဝ ၅နှစ်(၂၀၂၃ခုနှစ်) ဇန်နဝါရီလ ၁ ရက်နေ့တွင် သန်းခေါင်စာရင်းရှိသည့် မြို့မြို့နယ်၊ကျေးရွာ(ရုံး)၏အခွန်ဌာနသို့ စုံစမ်းမေးမြန်းပါ။ (နေထိုင်ခွန် မကျသင့်သည့်အခါ မြို့မြို့နယ်၊ကျေးရွာ(ရုံး)မှ အကြောင်းကြားခြင်းမရှိသည့်အတွက် မြို့မြို့နယ်၊ကျေးရွာ(ရုံး)၏အခွန်ဌာနတွင် စစ်ဆေးအတည်ပြုပါ။)

## ၇။ ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်လျှောက်ထားမှုရလဒ်မှာ?

○ လျှောက်လွှာတင်ရန်သတ်မှတ်ရက်အတွင်းလျှောက်ထားခဲ့လျှင် ရဲအိဝ ၅နှစ် (၂၀၂၃ခုနှစ်) နိုဝင်ဘာလတွင် ပြန်လည် ပေးဆပ်ရန်ကင်းလွတ်ခွင့် ရမရကို စာဖြင့် အကြောင်းကြားမည်ဖြစ်သည်။

※၁ စာရွက်စာတမ်းရောက်သည်အထိစောင့်ဆိုင်းပေးစေလိုပါသည်။ ရလဒ်အား မေးမြန်းစုံစမ်းခြင်းကို သည်းခံပါ။

※၂ လျှောက်ထားမှုနောက်ကျသည့်အခါ ရလဒ်အကြောင်းကြားမှုနောက်ကျမည်ကိုသတိပြုပါ။

○ ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့် မရသူများအား ဘဏ်စာရင်းမှလွှဲပြောင်းခြင်း(အလိုအလျောက် ဖြတ်တောက်ခြင်း) သို့မဟုတ် ငွေပေးချေလွှာဖြင့် ပေးချေစေမည်ဖြစ်သည်။ ဘဏ်စာရင်းမှ လွှဲပြောင်း (အလိုအလျောက် ဖြတ်တောက်)စေလိုပါက သီးခြားပုံစံကိုပို့ပေးမည်ဖြစ်သဖြင့် ဆက်သွယ်စေလိုပါသည်။

○ ဘဏ်စာရင်းမှလွှဲပြောင်းခြင်း (အလိုအလျောက်ဖြတ်တောက်ခြင်း)အတွက် လုပ်ငန်းစဉ်မှာ ၂ လမှ ၃ လအထိ ကြာမြင့်နိုင်သဖြင့် တတ်နိုင်သမျှ အမြန်ဆုံးလျှောက်ထားဆောင်ရွက်စေလိုပါသည်။

## ၈။ စုံစမ်းမေးမြန်းရန်

Social welfare corporation Fukushima ward council on social welfare, Community Welfare Division (Livelihood Support Office)

ဖုန်းနံပါတ်　　024-523-1250(မနက် ၉နာရီမှ ညနေ၅နာရီထိ)

※စနေ၊ တနင်္ဂနွေ၊ အလုပ်ပိတ်ရက်များ နှင့် နှစ်သစ်ကူးပိတ်ရက်များမှ အပ

## ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်လျှောက်လွှာနမူ

အနက်ရောင်ဘောပင်ဖြင့်ရေးသွင်းပါ ပြန်ဖျက်နိုင်သော ဘောပင်ခဲတံတို့ဖြင့် ရေးသွင်းခြင်းမပြုရ

# 緊急小口資金等の特例貸付に係る貸付金償還免除申請書

**緊急小口資金 または 総合支援資金 分**

<社協記入欄>

※太枠内をすべてご記入ください。

**間違えて記入した場合は、二重線で消したうえで、余白に記入し直してください。（訂正印不要）**

**ရေးသွင်းရန်မလို**

| | | |
|---|---|---|
| 免除申請理由 | 住民税の均等割・所得割いずれも非課税となったため。 | |
| 世帯の状況<br>※いずれかひとつに☑をつける | ☐ 現在、私（借受人）が世帯主である<br>☐ 現在は借受人以外の者が世帯主であり、かつ現在の世帯主は貸付申請時に借受人とは別世帯<br>☐ 現在は借受人以外の者が世帯主であるが、DV による避難等により世帯主の所得証明書を取得できない | ☐ 左記のいずれにも当てはまらない場合 |
| 必要書類 | ①(以下、3 つの書類がすべて必要)<br>①-1:免除申請書（この書類）<br>...<br>も非課税の方が免除対象 | ②(以下、3 つの書類がすべて必要)<br>②-1:免除申請書（この書類）<br>...<br>課税証明書(住民税非課税であることがわかるもの)※住民税**均等割・所得割いずれも**非課税の方が免除対象 |

**အိမ်ထောင်စုအခြေအနေနှင့်ပတ်သက်၍ တစ်ခုခုတွင် ☑ ကိုထည့်သွင်းပေးပါ။**

社会福祉法人福島県社会福祉協議会　会長殿

① 本特例制度の償還免除が決定した場合、自立相談支援機関に対して同機関の業務遂行に活用することを目的として私の個人情報を提供することに同意します。

② 記入した個人情報については、本制度に必要な範囲で、第三者に提供することに同意します。

③ 私は、貴社会福祉協議会が、本制度に必要な範囲で全国社会福祉協議会、他の都道府県社会福祉協議会、市町村社会福祉協議会、自治体、公共職業安定所、自立相談支援機関、家計改善支援機関等の関係機関に照会し、私の個人情報の提供を受けることに同意します。

④ 私及び私の世帯の者は、暴力団員ではありません。私は、貴社会福祉協議会が必要に応じ官公署等から私又は私の世帯員に係る暴力団員該当性情報の提供を求めることに同意します。〔暴力団とは、「暴力団員による不当 ...の構成員 ...す。〕

**ဤပုံစံကိုရေးသွင်းသည့်ရက်စွဲ၊ လက်မှတ်၊ ဖုန်းနံပတ်တို့ကို ရေးသွင်းပါ။**

⑥ 償還免除を目的に世帯主の変更を行っていません。また、償還免除の決定後、本申請書の記載事項について虚偽であることが判明した場合や償還免除の要件に該当しないことが判明した場合には、償還免除を取り消されることに同意します。

**上記①～⑥すべての事項について同意する場合は、同意年月日、借受人氏名（自署）、電話番号を記入してください。**

令和　　　年　　　月　　　日

※この書類を記入した日付を記入

借受人氏名（自署）

電話番号　　　—　　　—

※日中に連絡のとれる電話番号を記入すること。

※以下については、申請者は記入しないでください

**ရေးသွင်းရန်မလို**

လျှောက်ထားရန်နည်းလမ်းများကို တိုက်ရိုက်စစ်ဆေးအတည်ပြုလိုပါက

ချေးငွေလျှောက်ထားသည့် မြို့၊မြို့နယ်၊ကျေးရွာ လူမှုဖူလုံရေးကောင်စီကို ဆက်သွယ်မေးမြန်းပါ။

| Municipal name | telephone number | Municipal name | telephone number | Municipal name | telephone number |
|---|---|---|---|---|---|
| Fukushima City | 024-533-8881 | Shirakawa City | 0248-22-1159 | Showa Village | 0241-57-2655 |
| Nihonmatsu City | 0243-23-7867 | Nishigo Village | 0248-25-5454 | Aizumisato Town | 0242-54-2940 |
| Date City | 024-576-4050 | Izumizaki Village | 0248-54-1555 | Shimogo Town | 0241-69-5111 |
| Motomiya City | 0243-24-7780 | Nakajima Village | 0248-52-3400 | Hinoemata Village | 0241-75-2382 |
| Koori Town | 024-582-1155 | Yabuki Town | 0248-44-5210 | Tadami Town | 0241-84-7006 |
| Kunimi Town | 024-585-3403 | Tanagura Town | 0247-33-2623 | Minamiaizu Town | 0241-62-4169 |
| Kawamata Town | 024-565-3761 | Yamatsuri Town | 0247-34-1050 | Soma City | 0244-36-2015 |
| Otama Village | 0243-68-2100 | Hanawa Town | 0247-43-2154 | Minamisoma City | 0244-24-3415 |
| Koriyama City | 024-932-5311 | Samegawa Village | 0247-49-3600 | Hirono Town | 0240-27-2789 |
| Sukagawa City | 0248-88-8211 | Aizuwakamatsu City | 0242-28-4030 | Naraha Town | 0240-25-4157 |
| Tamura City | 0247-68-3434 | Kitakata City | 0241-23-3231 | Tomioka Town | 0240-22-5522 |
| Kagamiishi Town | 0248-62-6428 | Kitashiobara Village | 0241-28-3757 | Kawauchi Village | 0240-38-3802 |
| Ten-ei Village | 0248-82-2826 | Nishiaizu Town | 0241-45-4259 | Okuma Town | 0240-23-5171 |
| Ishikawa Town | 0247-26-3793 | Bandai Town | 0242-73-3022 | Futaba Town (Iwaki City) | 0246-84-6725 |
| Tamakawa Village | 0247-57-4410 | Inawashiro Town | 0242-62-5168 | Namie Town | 0240-34-4685 |
| Hirata Village | 0247-55-3500 | Aizubange Town | 0242-83-1368 | Katsurao Village | 0240-29-2020 |
| Asakawa Town | 0247-36-3163 | Yugawa Village | 0241-27-8890 | Shinchi Town | 0244-62-4213 |
| Furudono Town | 0247-53-4394 | Yanaizu Town | 0241-42-3418 | Iitate Village | 0244-42-1021 |
| Miharu Town | 0247-62-8586 | Mishima Town | 0241-52-3344 | Iwaki City | 0246-23-3320 |
| Ono Town | 0247-72-6866 | Kaneyama Town | 0241-55-3336 | | |

(ရဲအိဝ ၅နှစ်၊ ဧပြီလအထိ)